# မိုးခေါင်ခြင်း

မိုးခေါင်ခြင်းသည် ဒေသအချို့တွင် အချိန်ကြာမြင့်စွာ ရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့ရခြင်းကို ဆိုလိုခြင်းဖြစ်သည်။ မိုးခေါင်ခြင်း၏ အရင်းအမြစ်မှာ မိုးသည် သတ်မှတ်ခန့်မှန်းထားသည်ထက် ရွာချမှုနည်းပါးခြင်း၊ မိုးရာသီတွင် မိုးမရွာသွန်းခြင်း သို့မဟုတ် ကွက်ကြားမိုးရွာမှုကြောင့် မြစ်၊ ချောင်း၊ ရေတွင်း၊ ရေအိုင်များတွင် ရေများမစီးထွက်နိုင်သောကြောင့် ရေရှားပါး၍ ရေအသုံးပြုရန် မလုံလောက်မှုများဖြစ်ပေါ်လာသည်။

## ရပ်ကွက်အတွင်း နေထိုင်သူ



- ရေကို မိုးခေါင်ချိန်တွင်အသုံးပြုနိုင်ရန် အတွက် သိုလှောင်နိုင်သည့်ရေပုံးများကို ပြင်ဆင်တပ်ဆင်ထားပါ။
- ရေကို ချွေတာသုံးစွဲပါ။ ရေပိုက်ကိုရေဖြည့်ပြီးနောက် အမြဲပိတ်ရန် မမေ့ပါနှင့်။ သုံးပြီးသောရေများကို အခြားနေရာတွင် ပြန်လည်အသုံးပြုပါ။



- ရေအား ချွေတာမှုကိုအားပေးသော ကိရိယာများကိုသုံးပါ ။



- ရေပိုက်ပေါက်မှု နှင့် ရေစိမ့်ထွက်မှုများမှ ကာကွယ်နိုင်ရန် ရေပိုက်များကို ပုံမှန်စစ်ဆေးခြင်းပြုလုပ်ပါ။



## စိုက်ပျိုးရေးလုပ်သူများ

- နယ်မြေအတွင်းမိုးလေဝသ သို့မဟုတ် ရေနှင့်ပါတ်သတ်သော သတင်းများကို အစဉ်မပြတ်နားထောင်ပြီး ကြိုတင်ပြင်ဆင် မှုများပြုလုပ်ပါ။





- စိုက်ပျိုးပင်များကိုအလိုက်သင့်ပြောင်းစိုက်ပါ။ မိုးခေါင်သောကာလတွင် အချိန်နှင့်ရေပမာဏအနည်းငယ်မျှသာ လိုအပ်သောအပင်၊ ဈေးကွက်တွင်လိုအပ်သောအပင် နှင့် တိရိစ္ဆာန် များကိုသာစိုက်ပျိုး မွေးမြူပါ။
- ရေကုန်သက်သာစေမည့် နည်းလမ်းများဖြင့် စိုက်ပျိုးရေးကိုပြုလုပ်ပါ။



- စိုက်ပျိုးသီးနှံများ ပိုလျှံပျက်စီးမှုများမဖြစ်စေရန် ရာသီဥတုအခြေအနေ ရေပမာဏနှင့်ချင့်ချိန်ပြီး အပင်များ အသီးအရွက်များကိုစိုက်ပျိုးပါ။



- ရေခေါင်းပါးသောကာလတွင် စပါးစိုက်ပျိုးခြင်း မပြုလုပ်မိရန် သတိပြုပါ ။





- ရေသိုလှောင်ရေးစနစ်များ ကျင့်သုံးပါ။ ရေမြောင်း၊ ရေအိုင်များတူး၍ ရေများကြာရှည်စွာသုံးနိုင်ရန် ရေကိုသိုလှောင်ထားပါ။




## ရေချွေတာစွာသုံးရန်နည်းလမ်း (၃) နည်း

| | |
|---|---|
| Reduce | ရေအသုံးပြုမှုကို အတတ်နိုင်ဆုံးလျှော့ချ၍ ရေကို အကျိုးရှိရှိအသုံးပြုပါ။ |
| Reuse | သုံးပြီးသောရေကို အသုံးတည့်သောနေရာတွင် ပြန်လည်အသုံးပြုပါ။ |
| Recycle | အသုံးပြုပြီးသောရေညစ်များကို စက်ဖြင့် သန့်စင်မှုများလုပ်ဆောင်ပြီး ရေကိုပြန်လည်သုံးဆောင်ပါ။ |

MAP Foundation
PLAN INTERNATIONAL
สายด่วน นิรภัย 1784